JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ ၂၆ | မြန်မာ

## အာဆီယံ-ဂျပန်စင်တာက အကြမ်းဖက်လှုပ်ရှားမှုတွေလုပ်နေတဲ့ မြန်မာစစ်အုပ်စုရဲ့ ကုန်သွယ်ရေးနဲ့ခရီးသွားလာရေးအစီအစဉ်တွေကို ပံ့ပိုးပေးနေ

ပေါက်ကြားလာတဲ့ စာရွက်စာတမ်းတွေနဲ့ အများသူငှာသတင်းရင်းမြစ်တွေအရ တိုကျိုအခြေစိုက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလာရေးဆိုင်ရာ အာဆီယံ-ဂျပန်စင်တာက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်တွေ အကောင်အထည်ဖော်ရာမှာ လိုအပ်နေတဲ့ ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်မှာ အသုံးပြုဖို့ အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ နိုင်ငံခြားစီးပွားဆက်ဆံရေးဝန်ကြီးဌာနကို ထောက်ပံ့ငွေ ပေးအပ်ခဲ့ပါတယ်။

အဲဒီထောက်ပံ့ငွေကို ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွက် ပေးအပ်ခဲ့ပြီး အနည်းဆုံး ၂၀၂၃ ခုနှစ် မတ်လမှာ အီးယူက ဒဏ်ခတ်ပိတ်ဆို့ထားတဲ့ စစ်အုပ်စုဝန်ကြီးကံဇော်က ဖွင့်လှစ်ပေးခဲ့တဲ့ ပွဲတစ်ခုအတွက် အသုံးပြုခဲ့ပါတယ်။

စစ်အုပ်စုကိုပေးတဲ့ ရန်ပုံငွေပမာဏနဲ့ ပတ်သက်ပြီး ထုတ်ပြန်ပေးဖို့ Justice For Myanmar ရဲ့ တောင်းဆိုချက်ကို အာဆီယံ-ဂျပန်စင်တာကငြင်းဆိုပြီး အဲဒီရန်ပုံငွေပမာဏနဲ့ပတ်သက်တဲ့ အချက်အလက် တွေဟာ ဘုတ်အဖွဲ့ဝင်တွေပဲ ရနိုင်တယ်လို့ ဆိုပါတယ်။

အာဆီယံ-ဂျပန်စင်တာဟာ မြန်မာအပါအဝင် ဂျပန်အစိုးရနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အစိုးရတွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

စင်တာကို အဖွဲ့ဝင်နိုင်ငံတစ်ခုစီက ရွေးချယ်ခန့်အပ်ပေးထားတဲ့ ကိုယ်စားလှယ် ၁၁ ဦးပါတဲ့ ကောင်စီတစ်ခုနဲ့ အုပ်ချုပ်ပါတယ်။

အာဆီယံ-ဂျပန်စင်တာ ကောင်စီမှာ စစ်အုပ်စုရဲ့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် စိုးဟန် ပါနေတာဟာ ဆိုးရွား မှားယွင်း လွဲချော်တဲ့ ကိုယ်စားပြုမှုဖြစ်နေပြီး ဒီဖြစ်စဉ်ဟာ စစ်အုပ်စုကို တရားဝင်မှုရအောင်

ဆက်လက်ကူညီပံ့ပိုးနေတာဖြစ်လို့ စစ်အုပ်စုက အကြမ်းဖက်လှုပ်ရှားမှုတွေကို လက်ရဲဇက်ရဲ ပြောင်ပြောင်တင်းတင်း ဆက်လုပ်ဖို့ အားပေးနေတာဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ကောင်စီကို လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Yutaka Arima က ကိုယ်စားပြုပါတယ်။

အာဆီယံ-ဂျပန် စင်တာရဲ့ အဲဒီ စွမ်းဆောင်ရည်မြှင့်တင်ရေးထောက်ပံ့ငွေဟာ စစ်အုပ်စုရဲ့ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ဆောင်ချက်တွေအများကြီးထဲကတစ်ခုဖြစ်ပြီး စစ်အုပ်စုကို တရားဝင်မှုရစေဖို့၊ စစ်အုပ်စုနဲ့ စီးပွားရေးဆိုင်ရာထိတွေ့ဆက်ဆံမှုကို အားပေးဖို့နဲ့ စစ်အုပ်စုလက်အောက်ခံဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် တည်ဆောက်ပေးဖို့ ဖြစ်ပါတယ်။

စင်တာဟာ စစ်အုပ်စုရဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ တရားဝင်ပူးပေါင်းဆောင်ရွက်တာဖြစ်ပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ စစ်အုပ်စုရဲ့ကြိုးပမ်းမှုတွေကို ပံ့ပိုးပေးနေတာဟာ စစ်အုပ်စုကို တရားဝင်မှုနဲ့ နိုင်ငံခြားဝင်ငွေအရင်းအမြစ်တွေ ရရှိအောင် ပံ့ပိုးပေးနေတာ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နှောင်းပိုင်းကစလို့ စစ်အုပ်စုရဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်မှုတွေ ပိုပြီးဆိုးရွား လာနေတဲ့အခြေအနေတွေမှာ စစ်အုပ်စုရဲ့ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနဟာ အာဆီယံ-ဂျပန်စင်တာက ပံ့ပိုးပေးတဲ့ ပုံမှန်သင်တန်းတွေနဲ့ ဆွေးနွေးပွဲတွေကို စီစဉ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဂျပန်ခရီးသွားလုပ်ငန်းကို မြှင့်တင်ဖို့ရည်ရွယ်ထားတဲ့ ပုံမှန်သင်တန်းတွေနဲ့ ဆွေးနွေးပွဲတွေမှာ အာဆီယံ-ဂျပန်စင်တာရဲ့ အကြီးတန်း အဖွဲ့ဝင်တွေနဲ့ စစ်အုပ်စုရဲ့ ဝန်ကြီး ဌေးအောင်တို့ ပါဝင်ပါတယ်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ စစ်အုပ်စုအတွက် ပံ့ပိုးကူညီတဲ့အနေနဲ့ ဖွင့်လှစ်တဲ့ ဂျပန်အစားအစာ <u>အချက်အပြုတ် ကျွမ်းကျင်သင်တန်း</u>ကို ဌေးအောင်နဲ့ အာဆီယံ-ဂျပန်စင်တာ အထွေထွေအတွင်းရေးမှူး Kunihiko Hirabayashi တို့က ဖွင့်လှစ်ပေးခဲ့ပါတယ်။

၂၀၂၂ ခုနှစ်နှောင်းပိုင်းနဲ့ ၂၀၂၃ ခုနှစ်အစောပိုင်းကာလတွေမှာ အာဆီယံ-ဂျပန်စင်တာက တာဝန်ရှိသူတွေနဲ့ အတူ ဌေးအောင်ဟာ ပုဂံနဲ့ ကလောတို့မှာ ဂျပန်ခရီးသွားတွေကို ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ရည်ရွယ်တဲ့ <u>ဆွေးနွေးပွဲတွေကို ဖွင့်လှစ်ပေးခဲ့ကြောင်း</u> စစ်အုပ်စုဝါဒဖြန့်ချီရေးသတင်းတွေရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အာဆီယံ-ဂျပန်စင်တာက စစ်အုပ်စုကို ဧည့်လမ်းညွှန်တွေအတွက် ဂျပန်ဘာသာစကားသင်တန်းတွေ ပြုလုပ်ပေးဖို့ ပံ့ပိုးကူညီခဲ့ပါတယ်။

လက်ရှိအခြေအနေမှာ အာဆီယံ-ဂျပန် "ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု" နှစ် ၅၀ ပြည့် အထိမ်းအမှတ် တစ်စိတ်တစ်ပိုင်းအဖြစ် အာဆီယံ-ဂျပန်စင်တာ မြန်မာခရီးသွားလုပ်ငန်း မြှင့်တင်ဖို့ ဝက်ဆိုဒ်ကို ဂျပန်ဘာသာနဲ့ ထုတ်လွှင့်ပေးနေပါတယ်။ စစ်အုပ်စုနဲ့တိုင်ပင်ပြီး ဂျပန်ကမ္ဘာလှည့် ခရီးသည်တွေအတွက် အကြံပြုချက် ၅ ချက် ဆိုပြီး မြန်မာနိုင်ငံဟာ အားလပ်ရက်အတွက် ဘေးကင်းပြီး ကျင့်ဝတ်သိက္ခာရှိတဲ့ နေရာတစ်ခုဖြစ်တယ်လို့ ဂျပန်လူထုကို လှည့်စားဖြားယောင်း ကြော်ညာနေပါတယ်။

တရားဝင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က မြန်မာနိုင်ငံကို လာရောက်ကြမဲ့ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြဖို့ တောင်းဆိုနေတုန်းမှာပဲ ခုလိုအစီအစဉ်တွေ ထွက်ပေါ် လာတာ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှာ အမျိုးသားညီညွတ်ရေးအစိုးရရဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ဦးတင်ထွန်းနိုင်က Straits Times ကို "မြန်မာပြည်သူတွေဟာ အသတ်ခံရ၊ အဓမ္မပြုကျင့်ခံရ၊ ထိန်းသိမ်းခံရပြီး သူတို့ရဲ့ အိုးအိမ်တွေ၊ ဥစ္စာပစ္စည်းတွေကို နေ့စဉ်နဲ့အမျှ သိမ်းယူ၊ ဖျက်ဆီးခံနေကြရပါတယ်။ ဒီလိုအခြေအနေမျိုးနဲ့ ဒီအချိန်အခါဟာ အပျော်ခရီး လည်ပတ်ရမယ့်အချိန် မဟုတ်ပါဘူး" လို့ ပြောကြားခဲ့ပါတယ်။

အာဆီယံ-ဂျပန်စင်တာက လက်တွဲလုပ်ဆောင်နေတဲ့ တတိယမြောက် စစ်အုပ်စုရဲ့ ဝန်ကြီးဌာနကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဖြစ်ပြီး ဒီဌာနကို ဂျပန်နိုင်ငံမှာ ဈေးကွက်ဝင်ရောက် နိုင်အောင် မြှင့်တင်ဖို့ ပံ့ပိုးကူညီနေတာ ဖြစ်ပါတယ်။ အဲ့ဒီအစီအစဉ်အရ ဒီနှစ်ဇန်နဝါရီတုံးက နေပြည်တော်မှာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပြီး ဒီဆွေးနွေးပွဲကို စစ်အုပ်စုက ဝါဒဖြန့်ချီရေးအတွက် ပြောင်ပြောင်တင်းတင်း ထိထိရောက်ရောက် အသုံးချခဲ့ပါတယ်။ အဲဒီအလုပ်ရုံဆွေးနွေးပွဲကို စစ်အုပ်စု လက်အောက်ခံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းနဲ့ အာဆီယံ-ဂျပန် စင်တာ အကြီးတန်းအမှုဆောင်အရာရှိ Yuka Kubota တို့က ဖွင့်လှစ်ပေးခဲ့ပါတယ်။

အာဆီယံ-ဂျပန်စင်တာရဲ့ လုပ်ဆောင်ချက်တွေဟာ ကောင်စီမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့်ပေးတာ၊ စစ်အုပ်စုလက်အောက်ခံ ဝန်ကြီးဌာနတွေကို ငွေကြေးထောက်ပံ့တာ၊ စွမ်းဆောင်ရည်မြှင့်တင်တာ၊ စီးပွားရေးချိတ်ဆက်မှုတွေ မြှင့်တင်ပေးတာတို့ဟာ စစ်အုပ်စုရဲ့ မြန်မာပြည်သူလူထုအပေါ် အကြမ်းဖက် နေမှုတွေကို အပြစ်ပေးအရေးယူခံရခြင်း အလျင်းမရှိ ဆက်လက်လုပ်ဆောင်ဖို့ အားပေးနေတာပါ။

Justice For Myanmar အနေနဲ့ အာဆီယံ-ဂျပန်စင်တာနဲ့အခြားအဖွဲ့အစည်းတွေဟာ စစ်အုပ်စုကို သူတို့ကောင်စီကနေ ချက်ချင်းဖယ်ရှားဖို့နဲ့ ထောက်ခံပေးမှုအားလုံးကိုအဆုံးသတ်ဖို့ တိုက်တွန်းထားပါတယ်။ အကြမ်းဖက်စစ်အုပ်စုရဲ့ လူသတ်နှုန်းက နေ့စဉ်နဲ့အမျှ ထိုးတက်နေပြီး လူမှုဘဝတွေက နိုင်ငံတကာအသိုက်အဝန်းရဲ့ အရေးတကြီး အရေးယူဆောင်ရွက်မှုအပေါ် မှီခိုနေရပါတယ်။ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ရှည်လျားတဲ့သမိုင်းကြောင်းဆက်ဆံရေးရှိပြီး ဒီမိုကရေစီနဲ့ အာရှအိမ်နီးချင်းနိုင်ငံတစ်ခုအနေနဲ့ စစ်အုပ်စုရဲ့သတ်ဖြတ်မှုတွေကို အဆုံးသတ်ပေးဖို့ အထူးတာဝန်ရှိပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "အာဆီယံနဲ့ ဂျပန်နိုင်ငံတို့ဟာ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အနှစ် ၅၀ ပြည့် အထိမ်းအမှတ် ကျင်းပနေပါတယ်။

ဒါပေမယ့်လည်း ဒီနှစ်ပတ်လည်နေ့ကတော့ အာဆီယံနဲ့ ဂျပန်တို့ရဲ့ ချစ်ကြည်ရင်းနှီးမှုဟာ အကြမ်းဖက်မြန်မာစစ်အုပ်စုရဲ့ မညှာမတာသတ်ဖြတ်ခြင်းခံနေရသူတွေအတွက်မဟုတ်ဘဲ တရားမဝင်စစ်အာဏာရှင်တွေနဲ့အတူ ရှိနေတယ်ဆိုတာကို ပြသနေတာပဲ ဖြစ်ပါတယ်။

အကြမ်းဖက်စစ်အုပ်စုနဲ့အတူ အာဆီယံ-ဂျပန်စင်တာရဲ့ လုပ်ရပ်တွေဟာ မြန်မာနိုင်ငံကို တရားမဝင်ထိန်းချုပ်ဖို့ မအောင်မြင်တဲ့အာဏာသိမ်းကြိုးပမ်းမှုတွေကို ထောက်ခံအားပေးနေပြီး လက်ရှိဖြစ်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ခိုင်မာအားကောင်းစေပါတယ်။

ဂျပန်နဲ့ အာဆီယံတို့က စစ်အုပ်စုကို ပံ့ပိုးနေတာတွေကို ချက်ချင်းရပ်ကြဖို့ လိုပါမယ်။ စစ်အုပ်စုကို ပံ့ပိုးနေတာတွေ မရပ်ကြဘူးဆိုရင်တော့ အာဆီယံ-ဂျပန် ဆက်ဆံရေး နှစ် ၅၀ မြောက် နှစ်ပတ်လည်နေ့ဟာ မြန်မာပြည်သူတွေရဲ့သွေးတွေနဲ့ ထာဝရ ညစ်ထေးစွန်းထင်ကျန်ခဲ့မှာ ဖြစ်ပါတယ်။

အာဆီယံနဲ့ ဂျပန်တို့ဟာ စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ အားပေးပါဝင်ပတ်သက်နေတာတွေကို အဆုံးသတ်ဖို့ အချိန်တန်ပြီ" လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

နိုင်ငံရပ်ခြားအစိုးရ ၆၀ ကျော်၊ အစိုးရအချင်းချင်းအဖွဲ့အစည်းများ၊ နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်းများနဲ့ အကြမ်းဖက်စစ်အုပ်စုကို ပံ့ပိုးကူညီနေတဲ့ အခြားသော နိုင်ငံတကာအဖွဲ့အစည်းတွေအကြောင်း အသေးစိတ်ဖော်ပြထားတဲ့ ကျွန်ုပ်တို့ရဲ့အစီရင်ခံစာ Developing a Dictatorship ကို ဖတ်ရှုရန်၊

Justice For Myanmar | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။